# အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo) ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း

**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်)**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူ ချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ် (Investment Facilitation Tools) များတွင် တစ်ခုအပါအဝင် ဖြစ်သော အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo) ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ စီးပွားရေး အသိုက်အဝန်းသို့ မိတ်ဆက်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများ၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူ (Potential investor) များ အနေဖြင့် အဆိုပါ အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo) ကို ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ DICA နှင့် အွန်လိုင်းမှတစ်ဆင့် ထိရောက်ပြီး အကျိုးဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ တွေ့ဆုံဆွေးနွေးမှု တောင်းခံခြင်းများကို https://doso.dica.gov.mm/ သို့ တိုက်ရိုက်ဝင်ရောက်၍လည်းကောင်း DICA ၏ Website ဖြစ်သည့် www.dica.gov.mm မှတစ်ဆင့်လည်းကောင်း ဝင်ရောက်အသုံးပြုနိုင်မည် ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ အီးမေးလ်လိပ်စာများ ဖြစ်ကြသည့် info@dica.gov.mm ၊ investment promotion@dica.gov.mm နှင့် ဖုန်းနံပါတ် ၀၁ – ၆၅၈၁၃၂ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**